+ ၂၀၀၂
ဇန်နဝါရီလ
၂၅ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသောဦးခင်မြင့်နှင့်ဦးထွန်းရှင်တို့၏ရှေ့တွင်

ဒေါ်ငွေရှင်ပါ ၇
နှင့်
ဦးခွေးလေး*
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နွဲ့နွဲ့အေး)

အဆောက်အအုံသစ် ဆောက်လုပ်ရာတွင် ပေါ့လျော့စွာဆောင်ရွက်ခဲ့သဖြင့် ပတ်ဝန်းကျင်ရှိ အဆောက်အအုံတစ်ခု ပျက်စီးချွတ်ယွင်းမှု ပေါ်ပေါက်ခြင်း၊ ရန်ကုန် စည်ပင်သာယာရေးကော်မတီက အဆောက်အအုံသစ် ဆောက်လုပ်သူနှင့် ညှိနှိုင်း၍ နစ်နာသူအား ပေးရမည့် နစ်နာကြေးငွေကို သတ်မှတ်ပေးခြင်း၊ နစ်နာသူသည် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ပေးသည့်နစ်နာကြေး ငွေကို လက်ခံခဲ့ပြီးဖြစ်ပါက နစ်နာကြေးငွေပမာဏကို ကျေနပ်မှု မရှိလျှင် တရားရုံးတွင် နစ်နာကြေးငွေရလိုမှု တရားစွဲဆို တောင်းခံနိုင်ခြင်း ရှိ-မရှိ၊ စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်မှုသည် အနုညာတခုံရုံးအဖြစ် ဆောင်ရွက်ခြင်း ဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ ။ စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းလုပ်ပိုင်ခွင့်ရသူနှင့် ညှိနှိုင်း၍ နစ်နာကြေး သတ်မှတ်ပေးခြင်းသည် အနုညာတခုံရုံးအဖြစ် ဆောင်ရွက်ခြင်း မဟုတ်ပေ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက် အအုံဆိုင်ရာနည်းဥပဒေများတွင် ကော်မတီ၏ ဆောင်ရွက်ချက်များသည် အနုညာတခုံရုံးအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊

---

* ၂၀၀၁ ခုနှစ်၊ တရားမအထူးအယူခံမှု ၂၄
+ ၂၀၀၀ ပြည့်နှစ်၊ ပထမအယူခံမှု ၂၉၁ တွင် ၂၆-၃-၂၀၀၁ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

ကော်မတီက သတ်မှတ်သော နစ်နာကြေးငွေသည် အပြီးသတ်ဖြစ်ပြီး အမှုသည်များအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟူ၍လည်းကောင်း၊ ပြဋ္ဌာန်းထားခြင်းမရှိပေ။ အဆိုပါ နည်းဥပဒေတွင် အနုညာတခုံရုံးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်မရှိသောကြောင့် အနုညာတခုံရုံးအက်ဥပဒေပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်နှင့်လည်း အကျုံးဝင်ရန် အကြောင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ နည်းဥပဒေ ၁၁ တွင် ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့် နစ်နာကြေးကို ကာယကံရှင်များက လက်မခံလျှင် နစ်နာသူသည် တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေးရရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်ကြောင်းဖော်ပြထားသည်ဖြစ်ရာ ကော်မတီက နစ်နာကြေးသတ်မှတ်ပေးခြင်းသည် အပြီးသတ်မဟုတ်ကြောင်း အငြင်းပွားဖွယ်ရာမရှိချေ။ ထို့အတူ ယင်းပြဋ္ဌာန်းချက်အရပင်လျှင် နစ်နာသူသည် တည်ဆဲဥပဒေနှင့်အညီ နစ်နာကြေးရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း ထင်ရှားသည်။ အမှန်အားဖြင့်လည်း နစ်နာကြေးငွေ ပေးစေခြင်းသည် တရားရုံး၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည်။ အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်မဟုတ်ချေ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေများတွင် ကော်မတီက နစ်နာသူရထိုက်သည့် နစ်နာကြေးကို ညှိနှိုင်းသတ်မှတ်ပြီးဖြစ်လျှင် မကျေနပ်သူက တရားရုံးတွင် ထပ်မံတရားစွဲဆိုခွင့် မရှိဟူ၍ အတိအလင်းဖြစ်စေ၊ သဘောအားဖြင့်ဖြစ်စေ ပိတ်ပင်ထားသည်ကို မတွေ့ရှိရပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ တွင် တရားရုံးများသည် အတိအလင်းဖြစ်စေ၊ သဘောအားဖြင့်ဖြစ်စေ ပိတ်ပင်ထားခြင်းမရှိသော တရားမမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်သည့် နစ်နာကြေးငွေကို လက်ခံပြီးဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ အရ တရားရုံးတွင် ထပ်မံပြီး နစ်နာကြေးငွေ တောင်းခံခွင့်မရှိတော့ပါဆိုသည့် အယူခံတရားလိုရှေ့နေ၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

အယူခံတရားလိုများအတွက် - ဦးတင်လှိုင်ထွေး
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးမြဟန်
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈၀ တွင် အယူခံတရားပြိုင် ဦးခွေးလေးက အယူခံတရားလို ဒေါ်ငွေရှင် ပါ ၇ အပေါ် နစ်နာကြေးငွေ ၅၄ သိန်းကျပ် ရလိုမှု စွဲဆိုရာ ငွေ ၄၂၇၈၂၀၀ ကျပ် ပေးစေရန်ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်ငွေရှင် ပါ ၇ တို့က တရားရုံးချုပ်သို့ ၂၀၀၀ ပြည့်နှစ် တရားမပထမအယူခံမှုအမှတ် ၂၉၁ ကို တင်သွင်းခဲ့သော်လည်း တရားရုံးချုပ်က အယူခံမှုကို ပလပ်သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်ငွေရှင် ပါ ၇ တို့က ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြည်လည်စီရင်ဆုံးဖြတ်ပေးရန် လျှောက်ထားသောအခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာ ဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

(က) ဦးခွေးလေးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်သည့် လျော်ကြေးငွေ ကျပ် ၁၁၂၁၈၀၀ ကို ဒေါ်ငွေရှင်တို့ထံမှ လက်ခံရရှိပြီးဖြစ်၍ နစ်နာကြေးငွေ ၅၄ သိန်းရလိုမှု တရားစွဲဆိုပိုင်ခွင့် ရှိ-မရှိ၊

(ခ) မူလတရားရုံးက အဆောက်အအုံ ပျက်စီးမှုအတွက် နစ်နာကြေးငွေ ကျပ် ၅၄ သိန်း သတ်မှတ် ဆုံးဖြတ်ခဲ့ခြင်းမှာ မှုတမှန်ကန်ခြင်း ရှိ-မရှိ။

အဆိုလွှာတွင် တရားလိုဦးခွေးလေးသည် ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ၅ ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၂၈ ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံ၏ ပိုင်ရှင်ဖြစ်ပြီး အမှတ် ၂၆ အဆောက်အအုံသစ်၏ ပိုင်ရှင်မှာ တရားပြိုင် ဒေါ်ငွေရှင် ပါ ၇ တို့ဖြစ်ကြကြောင်း၊ တရားပြိုင်များသည် အမှတ် ၂၆၊ ၈ ထပ် အဆောက်အအုံသစ်ကို ၁၉၉၆ ခုနှစ်၊ မေလတွင် စတင်ဆောက်လုပ်ခဲ့ရာ

| ၂၀၀၂ |
| --- |
| ဒေါ်ငွေရှင် ပါ ၇ နှင့် ဦးခွေးလေး (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်နွဲ့နွဲ့အေး) |

အဆောက်အအုံ၏ အောက်ခြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောက်လုပ်ခဲ့ခြင်း မရှိသဖြင့် မြေများပြိုကျကာ တရားလို၏ အဆောက်အအုံဘေးတိုက်နံရံများ၊ မျက်နှာကျက်များ၌ ကြီးမားသော အက်ကွဲကြောင်းများ ဖြစ်ပေါ်လာခြင်း၊ မြေညီထပ်ကြမ်းခင်းများ ကွဲအက်ပြီး တစ်ဖက်သို့ နိမ့်သွားခြင်းများဖြစ်ပြီး အဆောက်အအုံသည် ပြိုကျနိုင်သော အန္တရာယ်ရှိနေကြောင်း၊ အဆောက်အအုံပျက်စီးသွားသဖြင့် ကုစား၍မရသော နစ်နာမှုများဖြစ်ပေါ်သောကြောင့် နစ်နာကြေးငွေ ၅၄ သိန်းကျပ် ရထိုက်ကြောင်းအဆိုပြုစွဲဆိုသည်။

ချေလွှာတွင် တရားပြိုင်ဒေါ်ငွေရှင်ပါ ၇ တို့က ၎င်းတို့၏ အဆောက်အအုံကို စနစ်တကျပုံစံရေးဆွဲကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ အတည်ပြုချက် ရယူပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလို၏ အဆောက်အအုံ ပျက်စီးမှုသည် တရားပြိုင်များ၏ အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပတ်သက်ခြင်း မရှိကြောင်း၊ တရားလို၏တင်ပြတိုင်ကြားချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူးက ညှိနှိုင်းပေးသဖြင့် အဆောက်အအုံပျက်စီးမှုအတွက် ပြင်ဆင်စရိတ်နှင့် နစ်နာကြေးငွေ ၁၁၂၁၈၀၀ ကျပ်ကို ပေးအပ်ခဲ့ရာ တရားလိုက လက်ခံရယူပြီးဖြစ်၍ နစ်နာကြေးငွေ ထပ်မံ မရထိုက်သဖြင့် အဆိုလွှာအား ပလပ်ပေးရန် ချေပခဲ့သည်။

ရန်ကုန်တိုင်းတရားရုံးက တရားပြိုင်ဒေါ်ငွေရှင်တို့သည် ၈ ထပ်တိုက်အဆောက်အအုံသစ်ကို စည်းကမ်းချက်များနှင့်မညီ ပေါ့လျော့စွာ ဆောက်လုပ်ခဲ့သဖြင့် တရားလိုဦးခွေးလေး၏ နှစ်ထပ်တိုက် အဆောက်အအုံ၌ ပျက်စီးနစ်နာမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ အင်ဂျင်နီယာ ဒေါ်မိမိထွန်းက အဆောက်အအုံကို ခိုင်ခံ့စေရန်အတွက် နဂိုပုံစံအတိုင်း ဆောက်လုပ်ရမည်ဖြစ်၍ သက်သေခံအမှတ် (င) အရ ငွေ ၆၆၁၀၀၀၀ ကျပ် ကုန်ကျမည်ဟု တွက်ချက်ပေးခဲ့ကြောင်း၊ တရားလိုသည် တောင်းဆိုထားသည့်ငွေ ၅၄ သိန်းကျပ်ထက်မနည်း နစ်နာဆုံးရှုံးခဲ့ရကြောင်း၊ တရားရုံးက အမှုစစ်ဆေးနေစဉ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တရားလိုနှင့် တရားပြိုင်များအားခေါ်ယူပြီး တရားပြိုင်က လျော်ကြေးငွေ ၁၁၂၁၈၀၀ ကျပ်ကို ပေးစေပြီး တရားလိုအား လက်ခံစေ

ခဲ့ကြောင်း၊ တရားရုံးက စစ်ဆေးဆဲအမှု၌ စည်ပင်သာယာရေးကော်မတီက လျော်ကြေးငွေ မည်မျှပေးရမည်ဟု ဆုံးဖြတ်ပိုင်ခွင့်မရှိဆိုခြင်းမှာ သံသယဖြစ်စရာမရှိကြောင်း၊ ငွေ ၅၄ သိန်းကျပ်မှ တရားလို လက်ခံရရှိပြီး ငွေ ၁၁၂၁၈၀၀ ကျပ်ကို ခုနှိမ်လျှင် ငွေ ၄၂၇၈၂၀၀ ကျပ်ကို တရားလိုက ရထိုက်ကြောင်း သုံးသပ်ပြီး တရားပြိုင်များက တရားလိုသို့ ငွေ ၄၂၇၈၂၀ ကျပ်ကို စရိတ်နှင့်တကွ ပေးစေရန် အမိန့်ချမှတ်သည်။

တရားရုံးချုပ်က ဒေါ်ငွေရှင်တို့သည် အမှတ် ၂၆ အဆောက်အအုံသစ်ကို ဆောက်လုပ်ရာတွင် ပေါ့လျော့စွာ ဆောင်ရွက်ခဲ့သဖြင့် ဦးခွေးလေး၏ အမှတ် ၂၈ နှစ်ထပ်တိုက် အဆောက်အအုံသည် လူနေထိုင်၍ မရနိုင်လောက်အောင် ကွဲအက်ပျက်စီးခဲ့သည်မှာ အငြင်းမပွားကြောင်း၊ ဦးခွေးလေးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြခဲ့ရာ ကော်မတီက ဒေါ်ငွေရှင်တို့သည် ဦးခွေးလေးသို့ နစ်နာကြေးငွေ ၁၁၂၁၈၀၀ ကျပ် ပေးစေရန် သတ်မှတ်ခဲ့ကြောင်း၊ သို့ရာတွင် ထိုငွေကို မည်သို့မည်ပုံ သတ်မှတ်တွက်ချက်ခဲ့သည်ဟု မပေါ်ပေါက်ကြောင်း၊ ယင်းနစ်နာကြေးငွေအား အတင်းအကြပ်လက်ခံခိုင်း၍ ဦးခွေးလေးက လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နစ်နာကြေးငွေ မသတ်မှတ်မီကပင် ဦးခွေးလေးသည် ဤအမှုကို စွဲဆိုခဲ့ခြင်းဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြော်ငြာစာအမှတ် ၉/၉၉ နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ကြောင်း၊ အင်ဂျင်နီယာ ဒေါ်မိမိထွန်း၏တွက်ချက်မှုအရ နှစ်ထပ်တိုက် အဆောက်အအုံ၌ ကွဲအက်ပျက်စီးခြင်းကို ပြန်လည်ပြုပြင်လျှင် သက်သေခံအမှတ် (ဃ) အရ ငွေ ၅၅၄၇၈၃ ကျပ် ကုန်ကျမည်ဖြစ်သော်လည်း မူလအတိုင်း ပြန်ကောင်းမည်မဟုတ်ဘဲ အမြင်ကောင်းအောင်သာ ပြုပြင်နိုင်မည်ဖြစ်ကြောင်း၊ မူလအဆောက်အအုံပုံစံအတိုင်း အသစ်ဆောက်လုပ်မည်ဆိုပါက သက်သေခံအမှတ် (င) အရ ငွေ ၆၆၁၀၀၀၀ ကျပ် ကုန်ကျမည်ဖြစ်ကြောင်း၊ မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည် မှားယွင်းခြင်းမရှိ၍ အယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

အယူခံတရားလို၏ရှေ့နေက အယူခံတရားလိုအမှတ် ၁ ဒေါ်ငွေရှင်က လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၂၆ နေအိမ်အား ၈ ထပ်တိုက်သစ် ပြန်လည်ဆောက်လုပ်ခဲ့ရာ ဘေးအိမ်ဖြစ်သော

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

အယူခံတရားပြိုင် ဦးခွေးလေး၏ အမှတ် ၂၈ နေအိမ် ပျက်စီးခဲ့ရာတွင် ၄င်းပျက်စီးမှုအတွက် နစ်နာကြေး ငွေကျပ် ၁၁၂၁၈၀၀/- ကို ဦးခွေးလေးအား ပေးလျော်ခဲ့ရကြောင်း၊ ထိုသို့ ပေးလျော်ခဲ့ရသည်မှာလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ပျက်စီးမှုအတွက် မှန်ကန်မျှတသော နစ်နာကြေး ငွေကျပ် ၁၁၂၁၈၀၀/- သတ်မှတ်ပေးရန် စည်ပင်သာယာရေးကော်မတီမှ ဆုံးဖြတ်ပေးခဲ့ရာ လျှောက်ထားခံရသူ ဦးခွေးလေးက လက်ခံရယူပြီး ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် နစ်နာကြေးငွေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးနည်းဥပဒေ ၁၀ အရ လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေးမှုအပေါ် အခြေခံ၍ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နည်းဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမှုအပေါ် ညှိနှိုင်း၍ စည်ပင်သာယာရေးကော်မတီက သတ်မှတ်သည့် ဆုံးရှုံးမှုနှင့် နစ်နာကြေးငွေကို နှစ်ဦးနှစ်ဘက်က သဘောတူလက်ခံခဲ့သည့်ကိစ္စကို တရားရုံးက ပြင်ဆင်နိုင်သည့် စီရင်ပိုင်ခွင့်ရှိ-မရှိနှင့် တရားစွဲဆိုရန် ပိတ်ပင်နေပြီး ဖြစ်မဖြစ်ကို မူလရုံးတော်နှင့် နိုင်ငံတော်တရားရုံးချုပ်တို့မှ ထည့်သွင်းသုံးသပ်ခဲ့ခြင်း မရှိသည်မှာ မှားယွင်းကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနည်းဥပဒေ ၉၊ ၁၀ နှင့် ၁၁ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ဆောင်ရွက်ချက်များသည် အနုညာတခုံရုံးအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ နည်းဥပဒေ ၉ အရ တင်သွင်းလာသော ကန့်ကွက်လွှာအပေါ် ကော်မတီက နည်းဥပဒေ ၁၀ အရ စုံစမ်းစစ်ဆေး၍ ညှိနှိုင်းမှုပြုပြီး သတ်မှတ်ပေးသော ထိုက်သင့်သည့်နစ်နာကြေးငွေကို နစ်နာသူက လက်ခံပြီးလျှင် အပြီးသတ်ဖြစ်၍ နည်းဥပဒေ ၁၁ အရ တရားရုံးများတွင် တရားစီရင်ခွင့် ရှိမည်မဟုတ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ အရ တရားရုံးက စစ်ဆေးစီရင်ခွင့်ရှိသော တရားမကြောင်းဆိုင်ရာအမှုများမှာ အတိအလင်း ဖြစ်စေ၊ သဘောအားဖြင့်ဖြစ်စေ ပိတ်ပင်ခြင်းမရှိသောအမှုများကို ဆိုလိုကြောင်း၊ အထူးဥပဒေပြဋ္ဌာန်းချက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးတော်က စစ်ဆေးခြင်းကို ပိတ်ပင်ထားပါက တရားရုံးက ကြားနာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိမည် မဟုတ်ကြောင်း၊ ယခုအမှုတွင် စည်ပင် သာယာရေးဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

အညီ စုံစမ်းစစ်ဆေးပြီး နှစ်ဦးနှစ်ဘက် ကျေနပ်လက်ခံပြီးဖြစ်သော ဆုံးဖြတ်ချက်ကို တရားရုံးတော်က စီရင်ပိုင်ခွင့်ရှိမည်မဟုတ်ကြောင်း၊ တရားရုံးတော်က ကြားနာစစ်ဆေးစီရင်ပါက အထူးဥပဒေပြဋ္ဌာန်းချက်ဖြစ်သော စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းတို့ပါ ပြဋ္ဌာန်းချက်တို့မှာ အဟောသိကံရောက်စေမည်သာဖြစ်ကြောင်း၊ အယူခံတရားပြိုင်ဦးခွေးလေးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်သည့် လျော်ကြေးငွေကျပ် ၁၁၂၁၈၀၀၀/-ကို ဒေါ်ငွေရှင်ထံမှ လက်ခံရရှိပြီးဖြစ်၍ နစ်နာကြေးငွေကျပ် ၅၄ သိန်း ရလိုမှုအဖြစ် တရားစွဲဆိုပိုင်ခွင့်မရှိဟူ၍လည်းကောင်း၊ မူလရုံးက အဆောက်အအုံ ပျက်စီးမှုအတွက် နစ်နာကြေးငွေကျပ် ၅၄ သိန်း သတ်မှတ်ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမျှတမှန်ကန်မှု မရှိဟူ၍လည်းကောင်း၊ ပြဿနာနှစ်ရပ်အား အယူခံတရားလိုများကို အသာပေးဖြေဆို သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားလိုများဘက်မှ အကြောင်းပြသကဲ့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့သည် ၁၉၄၄ ခုနှစ်၊ အနုညာတခုံရုံးအက်ဥပဒေပုဒ်မ ၄၆ အရ ခုံသမာဓိလူကြီးဖြစ်သည်ဟု တင်ပြခြင်းသည် မမှန်ကြောင်း၊ ၁၉၄၄ ခုနှစ်၊ အနုညာတခုံရုံးအက်ဥပဒေပုဒ်မ ၂၂ အရ အမှုသည်နှစ်ဘက်စလုံးသဘောတူခန့်ထားသူကိုသာ ခုံသမာဓိလူကြီးဟု သတ်မှတ်နိုင်ကြောင်း၊ ယခုကိစ္စတွင် မြို့တော်စည်ပင်သာယာရုံးကို ခုံသမာဓိလူကြီးအဖြစ် ဆောင်ရွက်ပေးပါဟု အယူခံတရားလိုနှင့် အယူခံတရားပြိုင် ၂ ဦးစလုံးက သဘောတူခန့်ထားခြင်းမရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အမိန့်ကြော်ငြာစာအမှတ် ၉/၉၉၊ အခန်း ၃၊ နည်းဥပဒေပုဒ်မ ၁၁ တွင် " နည်းဥပဒေပုဒ်မ ၁၀ အရ ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့်နစ်နာကြေးကို လက်မခံလျှင် နစ်နာကြေးရရန် တရားရုံးသို့ လျှောက်နိုင်သည် " ဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် ဦးခွေးလေးအနေဖြင့် မြို့တော်စည်ပင်က သတ်မှတ်ပေးသော ၁၁၂၁၈၀၀၀/- ကို မကျေနပ်လျှင် တရားရုံး၌ ဆက်လက်၍ တရားစွဲတောင်းခွင့်ရှိကြောင်း၊ အယူခံတရားလို၏ ကိုယ်စားလှယ်စာရသူနှင့် အယူခံတရားပြိုင်၏ ကိုယ်စားလှယ်စာရသူတို့၏ ထွက်ဆိုချက်များအရ ရန်ကုန်မြို့တော်စည်ပင်သာယာ အင်ဂျင်နီယာဌာန (အဆောက်အဦ စစ်ဆေးရေးဌာနခွဲ) မှ နစ်နာကြေးအဖြစ်သတ်မှတ်သော ၁၁၂၁၈၀၀၀/- ကျပ်သည် နှစ်ဦး

သဘောတူ ပေးသော လက်ခံရယူသော နစ်နာကြေးငွေ မဟုတ်ကြောင်းလည်း ထင်ရှားကြောင်း၊ ထိုသို့ မိမိဆန္ဒအလျောက် ရယူသော ပေးအပ်သောငွေ မဟုတ်လျှင် ထိုသို့သောပြုလုပ်ချက်မှာ ပဋိညာဉ်ဥပဒေပုဒ်မ ၁၉ အရ ပျက်ပြယ်သဖြင့် တရားဆက်လက်စွဲဆို ခြင်းကို မပိတ်ပင်ကြောင်း၊ အင်ဂျင်နီယာဒေါ်မိမိထွန်းနှင့် အင်ဂျင်နီယာဦးကျော်သိန်းတို့၏ ထွက်ချက်အရ ဦးခွေးလေးက တရားစွဲဆိုတောင်းဆိုသော နစ်နာကြေးငွေကျပ် ၅၄ သိန်းသည် အမှန်ကုန်ကျနိုင်သည် (သို့မဟုတ်) အမှန်တကယ် နစ်နာစေသည့်တန်ဘိုးဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် မူလရုံးနှင့် ပထမအယူခံရုံးတို့က အယူခံတရားလိုများအား ပထမအရစ်ပေးပြီး ငွေ ၁၁၂၁၈၀၀ိ/- ကျပ်အားခုနှိမ်ပြီး ထပ်မံ၍ ငွေကျပ် ၄၂၇၈၂၀ိ/-ကျပ်ကို ပေးစေဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းမှု မရှိကြောင်း၊ သင့်တော်မျှတမှုလည်းရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ဦးခွေးလေးသည် ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ၅ ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၂၈ ဟု ခေါ်တွင်သော နှစ်ထပ် အဆောက်အအုံ၏ပိုင်ရှင်ဖြစ်သည်။ အမှတ် ၂၈ နှင့် ကပ်လျက်ရှိသော အမှတ် ၂၆၊ လှည်းတန်းလမ်း မြေနေရာ၌ အယူခံ တရားလိုဒေါ်ငွေရှင်တို့က ၈ ထပ်တိုက်အဆောက်အအုံကို ဆောက်လုပ်ခဲ့ သဖြင့် အယူခံတရားပြိုင်၏အဆောက်အအုံ အောက်ခြေကြမ်းခင်းများ အက်ကွဲကာ တစ်ဖက်သို့နိမ့်သွားပြီး တိုက်နံရံများ၌ အက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သက်သေခံအမှတ် (ဂ) မှ (ဂ-၉) နှင့် သက်သေခံ အမှတ် (စ) မှ (စ-၃) အထိ ဓါတ်ပုံများအရ ထင်ရှားပေသည်။

အယူခံတရားပြိုင်သည် အယူခံတရားလိုများအပေါ် ၎င်း၏ အဆောက်အအုံ ပျက်စီးမှုအတွက် နစ်နာကြေးငွေ ၅၄ သိန်း ရလိုမှုကို ရန်ကုန် တိုင်းတရားရုံးတွင် ၆-၅-၉၇ နေ့က တရားစွဲဆိုခဲ့သည်။ ထို့ပြင် အယူခံ တရားပြိုင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့လည်း အယူခံတရားလိုများထံမှ နစ်နာကြေးငွေ ၅၄ သိန်း ရလိုကြောင်း တိုင်ကြားခဲ့သဖြင့် ကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များသည် အယူခံတရားပြိုင်နှင့် အယူခံတရားလိုတို့၏ အင်ဂျင်နီယာများနှင့်အတူ အဆောက်အအုံကို စစ်ဆေးခဲ့ကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အတွင်းရေးမှူး က အယူခံတရားပြိုင်၊ အယူခံတရားလိုများအား ခေါ်ယူညှိနှိုင်းပြီးနောက် နစ်နာကြေးငွေ ၁၁၂၁၈၀၀ ကျပ်ကို အယူခံတရားလိုက အယူခံ

ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

တရားပြိုင်အား ၁၉-၅-၉၇နေ့တွင်ပေးအပ်ခဲ့သည်။ အယူခံတရားပြိုင်သည်အယူခံတရားလိုများအပေါ် ၆-၅-၉၇ နေ့က အမှုစွဲဆိုခဲ့သည်ဖြစ်၍ တရားမကြီးမှုကို တရားစွဲဆိုပြီးနောက်မှ နစ်နာကြေးငွေကို ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အမိန့်ကြော်ငြာစာအမှတ် ၉/၉၉ ဖြင့် ထုတ်ပြန်ခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေများအပိုဒ် ၉၊ ၁၀၊ ၁၁၊ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(၉) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ယင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ရှိ အဆောက်အအုံတစ်ခုခု သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခု ပျက်စီးချွတ်ယွင်းမှု ပေါ်ပေါက်ပါက နစ်နာသူသည် ကော်မတီသို့ ကန့်ကွက်လွှာတင်နိုင်သည်။

(၁၀) ကော်မတီသည် နည်းဥပဒေ ၉ အရ နစ်နာသူက တင်ပြလာသော ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍ အမြန်ဆုံး စုံစမ်းစစ်ဆေးပြီး အမှန်တကယ်နစ်နာကြောင်း တွေ့ရှိပါက အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ညှိနှိုင်း၍ ထိုက်သင့်သော နစ်နာကြေးကို သတ်မှတ်ပေးရမည်။

(၁၁) နည်းဥပဒေ ၁၀ အရ ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့် နစ်နာကြေးကို ကာယကံရှင်များက လက်မခံလျှင် ဖြစ်စေ၊ ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးနိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ နစ်နာသူသည် တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေး ရရှိရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားနိုင်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းချက်အရဆိုလျှင် ကော်မတီသည် နစ်နာသူက တင်ပြလာသော ကန့်ကွက်လွှာနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး အမှန်တကယ်နစ်နာကြောင်း တွေ့ရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ရသူနှင့် ညှိနှိုင်း၍ ထိုက်သင့်သော

နစ်နာကြေးကို သတ်မှတ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနက ကန်ထရိုက်တိုက် ဆောက်လုပ်မှုကြောင့် တစ်ဖက်ကပ်လျက်ရှိသော အဆောက်အအုံ ပျက်စီးခြင်းအား လျော်ကြေးငွေပေးအပ်ခြင်းသက်သေခံအမှတ် (၇) တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

"လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၂၆ ၌ကန်ထရိုက်တိုက် ဆောက်လုပ်မှုကြောင့် ကပ်လျက်ရှိ အမှတ် ၂၈ နေအိမ်ပျက်စီးမှုအား အဖွဲ့မှ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ ကျပ်ငွေ ၁၁၂၁၈၀၀၀/- (ကျပ်တစ်ဆယ်တစ်သိန်းနှစ်သောင်းတစ်ထောင့်ရှစ်ရာတိတိ) ကို ကန်ထရိုက်တာမှ အိမ်ရှင်များအား ပေးလျော်/လက်ခံရရှိပါကြောင်း သဘောတူ လက်မှတ်ရေးထိုးကြပါသည်။"

အဆိုပါ မှတ်တမ်းအရဆိုလျှင်လည်း နစ်နာကြေးကို ကော်မတီက ကန်ထရိုက်တာနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးခြင်း ဖြစ်ကြောင်းပေါ်ပေါက်သည်။

စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်ရသူနှင့် ညှိနှိုင်း၍ နစ်နာကြေး သတ်မှတ်ပေးခြင်းသည် အနုညာတခုံရုံးအဖြစ်ဆောက်ရွက်ခြင်း မဟုတ်ပေ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေ များတွင် ကော်မတီ၏ ဆောင်ရွက်ချက်များသည် အနုညာတခုံရုံးအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ကော်မတီကသတ်မှတ်သော နစ်နာကြေးငွေသည် အပြီးသတ်ဖြစ်ပြီး အမှုသည်များအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။ အဆိုပါ နည်းဥပဒေတွင် အနုညာတခုံရုံးဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက် မရှိသောကြောင့် အနုညာတခုံရုံး အက်ဥပဒေပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက် နှင့်လည်း အကျုံးဝင်ရန် အကြောင်းမရှိချေ။

နည်းဥပဒေ ၁၁ တွင် ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့်နစ်နာကြေးကို ကာယကံရှင်များက လက်မခံလျှင် နစ်နာသူသည်တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေးရရန် သက်ဆိုင်ရာတရားရုံးသို့လျှောက်ထားနိုင်ကြောင်း ဖော်ပြထားသည်ဖြစ်ရာ ကော်မတီက နစ်နာကြေးသတ်မှတ်ပေးခြင်းသည် အပြီးသတ်မဟုတ်ကြောင်း အငြင်းပွားဖွယ်ရာမရှိချေ။ ထို့အတူ ယင်းပြဋ္ဌာန်းချက်အရ ပင်လျှင် နစ်နာသူသည်

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

တည်ဆဲဥပဒေနှင့်အညီ နစ်နာကြေးရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း ထင်ရှားသည်။ အမှန်အားဖြင့်လည်း နစ်နာကြေးငွေ ပေးစေခြင်းသည် တရားရုံး၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည်။ အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်မဟုတ်ချေ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာနည်းဥပဒေများတွင် ကော်မတီက နစ်နာသူရထိုက်သည့် နစ်နာကြေးကို ညှိနှိုင်းသတ်မှတ်ပြီးဖြစ်လျှင် မကျေနပ်သူက တရားရုံးတွင် ထပ်မံတရားစွဲဆိုခွင့်မရှိဟူ၍ အတိအလင်းဖြစ်စေ၊ သဘောအားဖြင့်ဖြစ်စေ ပိတ်ပင်ထားသည်ကို မတွေ့ရှိရပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ တွင် တရားရုံးများသည် အတိအလင်းဖြစ်စေ၊ သဘောအားဖြင့်ဖြစ်စေ ပိတ်ပင်ထားခြင်း မရှိသော တရားမမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်သည့် နစ်နာကြေးငွေကို လက်ခံပြီးဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ အရ တရားရုံးတွင် ထပ်မံပြီး နစ်နာကြေးငွေတောင်းခံခွင့် မရှိတော့ပါဆိုသည့် အယူခံတရားလိုရှေ့နေ၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

အယူခံတရားပြိုင်၏အခွင့်ရကိုယ်စားလှယ် ဒေါ်နွဲ့နွဲ့အေးက ၄င်းတို့ မြေမှာ ဂရန်မြေဖြစ်၍ သိမ်းဆည်းခံရမည်ကို စိုးရိမ်ကြောင်း၊ ၄င်းတို့တိုက်ကို အန္တရာယ်ရှိသောတိုက်အဖြစ် သတ်မှတ်မည်ကို စိုးရိမ်ကြောင်း၊ သို့ဖြစ်၍ စည်ပင်သာယာရေးကော်မတီက သတ်မှတ်ပေးသည့် နစ်နာကြေးကို လက်ခံခဲ့ကြောင်း ထွက်ဆိုသည်။

ဒေါ်သီတာ (လိုပြ-၃) က ဖခင်ဦးခွေးလေးသည် ဤရုံးတော်၌ ဤအမှုစွဲဆိုထားစဉ်မှာပင် ရန်ကုန်မြို့တော်စည်ပင်မှ ဦးခွေးလေးအား ၄င်းတို့ပေးသောငွေကျပ် ၁၁ သိန်းကိုပင် ယူရန် အိမ်အထိလိုက်လာပြီး အတင်းအကြပ်ယူခိုင်းသောကြောင့် ဦးခွေးလေးက ၄င်း၏ဆန္ဒမပါဘဲ အဆိုပါငွေ ၁၁ သိန်းကို ယူခဲ့ရပါသည်ဟု ထောက်ခံထွက်ဆိုသည်။

အယူခံတရားပြိုင် ဦးကြူခင်က မြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများသည် ဦးခွေးလေး၏အိမ်ပျက်စီးမှုနှင့်ပတ်သက်၍ လာရောက်စစ်ဆေးကြည့်ရှုပြီးနောက် နှစ်ဘက်အင်ဂျင်နီယာများကို ခေါ်၍ညှိနှိုင်းဆုံးဖြတ်ကြကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်စရိတ် ၄ သိန်းကျော် သတ်မှတ်

ကြောင်း၊ ၎င်းတို့က ယင်းကဲ့သို့ သတ်မှတ်ထားသည့် ပြင်ဆင် စရိတ်ကို မလျော်နိုင်ကြောင်း တင်ပြခဲ့ရာ တာဝန်ရှိသူများက ယင်းသို့မလျော်ပါက အဆောက်အအုံဆက်လက်ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းထားမည်ဟု ပြောကြောင်း၊ ၎င်းတို့က အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိစေရန် အတွက် ဌာနကသတ်မှတ်သည့် ပြင်ဆင်စရိတ် ၄ သိန်းကျော်ကို ပေးလျော်မည်ဟုပြောခဲ့ကြောင်း၊ ထိုအခါ ဦးခွေးလေး တို့ဘက်မှ ပြင်ဆင်စရိတ် အပြင် နစ်နာကြေး ၅၄ သိန်း ပေးရန် ထပ်မံ သီးခြားတင်ပြခဲ့ကြောင်း၊ ထို့ကြောင့်ထိုနေ့က နှစ်ဦးနှစ်ဘက် ညှိနှိုင်းမှု ပျက်ပြားခဲ့ကြောင်း ထွက်ဆိုသည်။

၂၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နှဲ့နှဲ့အေး)

အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့၏ ထွက်ဆိုချက်များ အရ အယူခံတရားလိုတို့က ၎င်းတို့၏ ဆောက်လက်စအဆောက်အအုံကို ဆက်လက်ဆောက်လုပ်ခွင့် မရမည်ကို စိုးရိမ်သဖြင့်လည်းကောင်း၊ အယူခံ တရားပြိုင်ကလည်း ၎င်းတို့၏ဂရန်မြေကို သိမ်းဆည်းခံရမည်ကို ကြောက်ရွံ့ သဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ် ပေးသည့် နစ်နာကြေးငွေ ၁၁ သိန်းကျော်ကို လက်ခံခဲ့ကြခြင်းဖြစ်ကြောင်း ပေါ်ပေါက်ရာ နှစ်ဦးနှစ်ဘက်လုံးသည် ကော်မတီက သတ်မှတ်ပေးသည့် နစ်နာကြေးငွေကို အပြီးအပြတ်အဖြစ် ကျေကျေနပ်နပ် လက်ခံခဲ့ကြခြင်း မဟုတ်ကြောင်းထင်ရှားသည်။

ဦးခွေးလေးမှ နစ်နာကြေးငွေ ၅၄ သိန်း တောင်းခံခဲ့ခြင်းအပေါ် မြို့တော်စည်ပင်သာယာရေးကော်မတီက ၁၁ သိန်းကျော်သာ သတ်မှတ် ပေးခဲ့သည်ဖြစ်ရာ ကော်မတီ၏ နစ်နာကြေး သတ်မှတ်ပေးမှုကို ဦးခွေးလေးက ၎င်း၏ လွတ်လပ်သည့် ဆန္ဒအရ ကျေနပ်စွာဖြင့် သဘောတူ လက်ခံခဲ့ခြင်းမဖြစ်နိုင်ပေ။

ထို့ကြောင့်ပင်လျှင် အယူခံတရားပြိုင်က တရားရုံးတွင် ၎င်းစွဲဆို ထားသည့် တရားမကြီးမှုကို မရုပ်သိမ်းခဲ့ခြင်း ဖြစ်ပေသည်။ မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဦးခွေးလေးပိုင် အဆောက်အအုံ ပျက်စီးခြင်း အတွက် လျော်ကြေးငွေပေးခြင်းမှတ်တမ်း သက်သေခံအမှတ် (၇) တွင်လည်း ဦးခွေးလေးက တရားရုံးတွင် စွဲဆိုထားသည့်အမှုကို ရုပ်သိမ်း ပေးရန် သဘောတူကြောင်း ဖော်ပြမထားချေ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံ ဆိုင်ရာ နည်းဥပဒေများအပိုဒ် ၁၁ တွင် ဖော်ပြပါရှိသည့် " နည်းဥပဒေ

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

၁၀ အရ ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့် နစ်နာကြေးကို ကာယကံရှင်များက လက်မခံလျှင်"ဆိုသည့်စကားရပ်မှာ သတ်မှတ်ပေးသည့် နစ်နာကြေးပမာဏကို လက်မခံလျှင်ဟူ၍ အဓိပ္ပါယ်သက်ရောက်သည်။ ယင်းနည်းဥပဒေ ၁၁ တွင် ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့် နစ်နာကြေးကို ကာယကံရှင်များက လက်မခံလျှင် နစ်နာသူသည် နစ်နာကြေးရရှိရန် တရားရုံးသို့လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းချက် ရှိသဖြင့် အယူခံတရားပြိုင်က တိုင်းတရားရုံးတွင် စွဲဆိုထားသည့်အမှုကို မရုပ်သိမ်းခဲ့ခြင်းကပင်လျှင် ကော်မတီက သတ်မှတ်ပေးသည့် နစ်နာကြေး ငွေပမာဏကို ကျေနပ်မှုမရှိကြောင်း ပေါ်လွင်နေသည်။

အပြန်အလှန်အားဖြင့်လည်း အယူခံတရားပြိုင်သည် ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့်နစ်နာကြေးငွေပမာဏကိုလက်မခံနိုင်ကြောင်း ပေါ်ပေါက်နေသည်ဖြစ်ရာ ငွေကျပ် ၁၁ သိန်းကျော်ကို လက်ခံထားရှိစေကာမူ၄င်းရလိုသည့်နစ်နာကြေးငွေကျပ် ၅၄ သိန်းရရှိရန် တရားရုံး တွင် တရားစွဲဆိုခြင်းသည် နည်းဥပဒေ ၁၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မှု မရှိချေ။

ထို့ပြင်စည်ပင်သာယာရေးကော်မတီတို့ကနစ်နာကြေး သတ်မှတ်ခြင်းမှာ အယူခံတရားပြိုင်က တရားစွဲဆိုထားပြီးနောက်မှ ပေါ်ပေါက်လာသည့် အကြောင်းအရာဖြစ်၍ တရားရုံးက စွဲဆိုထားသည့် အမှုကို ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန်သာရှိသည်။ ယင်းသို့စီရင်ဆုံးဖြတ် ရာတွင် စည်ပင်သာယာရေးကော်မတီ၏ နစ်နာကြေးသတ်မှတ်ချက်ကို ထည့်သွင်းစဉ်းစားနိုင်ပေသည်။ တိုင်းတရားရုံးက စည်ပင်သာယာရေး ကော်မတီ၏ သတ်မှတ်ချက်ကို ထည့်သွင်းစဉ်းစားပြီး နစ်နာကြေးငွေ သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဆက်လက်၍ တိုင်းတရားရုံးက ချမှတ်သည့် နစ်နာကြေးငွေမှာ သင့်လျော်မျှတမှု ရှိမရှိ စိစစ်ရန်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အိမ်အမှတ် ၂၆ ၌ ကန်ထရိုက်တိုက် ဆောက်လုပ်မှုကြောင့် ကပ်လျက်ရှိသော အမှတ် ၂၈ အိမ်ပျက်စီးမှုအား အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ငွေကျပ် ၁၁၂၁၈၀၀၀/- ကို ကန်ထရိုက်တာမှ အိမ်ရှင်များအား ပေးလျော်စေရန် ညှိနှိုင်းပေးခဲ့သည်။ သို့ရာတွင် ယင်းငွေကျပ် ၁၁ သိန်းကျော်ကို မည်သို့တွက်ချက်သတ်မှတ်သည်ကို တင်ပြနိုင်ခြင်းမရှိပေ။

၂၀၀၂ ဒေါ်မွေရှင် ပါ ၇ နှင့် ဦးခွေးလေး (၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်နွဲ့နွဲ့အေး)

အကြီးတန်းလိုင်စင်ရ အင်ဂျင်နီယာ ဒေါ်မိမိထွန်း (လိုပြ-၁) က ဦးခွေးလေး၏ အိမ်ပျက်စီးမှုအခြေအနေကို စစ်ဆေးကြည့်ရှုရာ နေအိမ် ကြမ်းခင်းများ ရှေ့ဘက်မှ နောက်ဘက်သို့ ကွဲအက်နိမ့်ဆင်းသွားခြင်း၊ အဓိကကျသည့်အိမ်တိုင်များ ကွဲအက်သွားခြင်း၊ လျှောက်ထုတ်ယက်မတန်း များကွဲအက်ခြင်း၊ ကွဲအက်ပျက်စီးမှုများမှာ အိမ်ရှေ့ခန်း၊ မီးဖိုခန်း၊ ဧည့်ခန်း အသီးသီးတွင် နေရာအနှံ့ ဖြစ်ပေါ်နေခြင်းတို့ကြောင့် ပြင်ဆင်ပါက မူလအတိုင်း ခိုင်ခန့်မှုမရှိနိုင်သဖြင့် ပြန်လည်တည်ဆောက်မှ ခိုင်ခန့်မှု အတွက် စိတ်ချရမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ ပြန်လည်တည်ဆောက် ပါက ၆၆၁၀၀၀၀ ကျပ် ကုန်ကျမည်ဖြစ်ကြောင်း သက်သေခံအမှတ် (၁) အရ တွက်ချက်တင်ပြထားသည်။

ဦးကျော်သိန်း (လိုပြ-၄) မှာမြို့တော်စည်ပင်သာယာရေး ကော်မတီမှ အင်ဂျင်နီယာဖြစ်သည်။ ဦးကျော်သိန်းသည် စည်ပင်သာယာ ရေးအဖွဲ့နှင့်အတူ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၂၈ အဆောက်အအုံကို စစ်ဆေးခဲ့သည်။ နောက်တစ်ကြိမ် သွားရောက်ကြည့်ရှု သည့်အခါ တိုက်နံရံအက်ကွဲကြောင်းအနေအထား ပို၍ဆိုးဝါးလာသည် ကို တွေ့ရှိရသည်။ သက်သေခံတင်ပြသည့်ဓါတ်ပုံများတွင် ပါရှိသည့် အတိုင်း အက်ကွဲမှုများကို တွေ့မြင်ခဲ့ရသည်။ ဦးကျော်သိန်းက လိုင်စင်ရ အကြီးတန်းအင်ဂျင်နီယာဒေါ်မိမိထွန်း ထွက်ဆိုထားသောကုန်ကျစရိတ် ၆၆၁၀၀၀၀ ကျပ်မှာ နီးစပ်သောတန်ဖိုးဟုပြောနိုင်ကြောင်း ထောက်ခံ ထွက်ဆိုသည်။

ဦးကျော်သိန်းသည် မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူ အင်ဂျင်နီယာဖြစ်သည့်အပြင် အယူခံတရားပြိုင်၏ တိုင်ကြားမှု အရ မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာအဖွဲ့ဖြင့် အချင်းဖြစ်တိုက် ပျက်စီးမှုကို စစ်ဆေးကြည့်ရှုခဲ့သူဖြစ်ရာ ၄င်းက ဒေါ်မိမိထွန်း တွက်ချက်မှုကို ထောက်ခံခဲ့သဖြင့် အချင်းဖြစ်တိုက်ကို ပြန်လည်တည်ဆောက်ပါက ၆၆၁၀၀၀၀ ကျပ် ကုန်ကျမည်ဆိုသည့် အချက်မှာ ပိုမိုတွက်ချက်ထားခြင်းမဟုတ်ကြောင်း ထင်ရှားသည်။

အချင်းဖြစ်တိုက်ပျက်စီးမှုမှာ တဖြည်းဖြည်းပိုမိုဆိုးဝါးလာသဖြင့် လူနေ၍မရတော့ကြောင်း၊ ဒေါ်သီတာ (လိုပြ-၃)၏ ထွက်ချက်အရ တွေ့ရှိရသည်။

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

အယူခံတရားပြိုင်သည် အယူခံတရားလိုတို့၏ ပြုလုပ်မှုကြောင့် နစ်နာမှုရှိကြောင်း ပေါ်လွင်နေပြီဖြစ်ရာ အယူခံတရားလိုတို့က မည်မျှ နစ်နာကြေးပေးသင့်သည်ကိုသာ ချိန်ဆရန်ရှိသည်။

ဦးတင်မောင်ဦး နှင့် မအေးပိုပါ ၅ အမှု[၁] တွင် အထူးလျော်ကြေးငွေမှာ ပစ္စည်း သို့မဟုတ် ငွေအရေအတွက်အားဖြင့် တွက်ချက်၍ရသည့် လျော်ကြေးငွေဖြစ်သည့်အလျောက် ထိုလျော်ကြေးငွေမျိုးကို တောင်းဆိုလျှင် တရားလိုသည် မိမိမည်သို့ကုန်ကျခဲ့ရသည်၊ မည်ရွေ့မည်မျှကုန်ကျခဲ့ရသည်ဟု အချက်အလက် အသေးစိတ်ဖော်ပြရန်လိုကြောင်း၊ တရားလို အနေဖြင့် အထူးလျော်ကြေးငွေရထိုက်ကြောင်း ထင်ရှားအောင် ပြသနိုင်မှသာ ရရှိရန်အခွင့်အရေးရှိကြောင်း ညွှန်ပြထားသည်။

အယူခံတရားပြိုင်သည် ပျက်စီးသွားသည့် ၄င်း၏အဆောက်အအုံကို ပြန်လည်တည်ဆောက်ပါက ၆၆၁၀၀၀၀ ကျပ် ကုန်ကျမည့် အကြောင်းကို အသေးစိတ်တွက်ချက်ဖော်ပြပြီး သက်သေခံအမှတ် (င) အရ တင်ပြထားသည်။ သို့ရာတွင် အယူခံတရားပြိုင်က နစ်နာကြေးငွေ တောင်းဆိုရာ၌ ငွေကျပ် ၅၄ သိန်းကိုသာ တောင်းခံခဲ့သဖြင့် တရားရုံးက အယူခံတရားပြိုင် တောင်းဆိုသည့်အတိုင်း နစ်နာကြေးငွေကျပ် ၅၄ သိန်း ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အယူခံတရားပြိုင်က နစ်နာကြေးငွေရလိုမှုတရားစွဲဆိုသည့် အချိန်မှာ ၁၉၉၇ ခုနှစ်ဖြစ်ပြီး တရားရုံးက ဒီကရီချမှတ်သည့်အချိန်မှာ ၂၀၀၀ ပြည့်နှစ်ဖြစ်သည်။ ဒီကရီချမှတ်သည့်အချိန်တွင် ကုန်ကျမည့်စရိတ်ဖြင့် တွက်ချက်ပါက အယူခံတရားပြိုင်အား ခွင့်ပြုသည့်နစ်နာကြေးငွေမှာ အဆောက်အအုံအသစ် ပြန်လည်တည်ဆောက်ပါက ကုန်ကျမည့်ငွေကို မကာမိနိုင်ပေ။ သို့ဖြစ်၍ အယူခံတရားလိုရှေ့နေတင်ပြသကဲ့သို့ တရားရုံးက အဆောက်အအုံအသစ် ပြန်လည်တည်ဆောက်လျှင် ကုန်ကျမည့် စရိတ်အတိုင်း နစ်နာကြေးပေးသည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပေ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်သည့် နစ်နာကြေးငွေ ၁၁၂၁၈၀၀ ကျပ်သည် အယူခံတရားပြိုင်၏ အဆောက်အအုံ ပျက်စီးမှုအတွက် လုံလောက်သည့် နစ်နာကြေးငွေ ပမာဏမဟုတ်ကြောင်း ထင်ရှားပြီးဖြစ်သည်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၆၃၆

၂၀၀၂
ဒေါ်ငွေရှင်
ပါ ၇
နှင့်
ဦးခွေးလေး
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်နွဲ့နွဲ့အေး)

အယူခံတရားလိုတို့၏ ဆောင်ရွက်မှုကြောင့် အယူခံတရားပြိုင်၏ အဆောက်အအုံ ပျက်စီးသွားရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါက ကုန်ကျမည့်စရိတ်အပေါ် အခြေခံ၍ သင့်တင့်မျှတသည့် နစ်နာကြေးငွေ ကျပ် ၅၄ သိန်းကိုသာ ပေးစေရန် ဆုံးဖြတ်ခြင်းမှာ မျှတမှန်ကန်မှု ရှိကြောင်း ကျွန်ုပ်တို့ သုံးသပ်ရရှိသည်။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

(က) ဦးခွေးလေးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သတ်မှတ်သည့် လျော်ကြေးငွေကျပ် ၁၁၂၁၈၀၀ ကျပ်ကို ဒေါ်ငွေရှင်တို့ထံမှ လက်ခံရရှိပြီး ဖြစ်သော်လည်း နစ်နာကြေးငွေ ကျပ် ၅၄ သိန်းရလိုမှုကို တရားစွဲဆို ပိုင်ခွင့်ရှိကြောင်း၊

(ခ) မူလတရားရုံးက အဆောက်အအုံ ပျက်စီးမှုအတွက် နစ်နာကြေးငွေ ကျပ် ၅၄ သိန်း သတ်မှတ်ဆုံးဖြတ်ခဲ့ခြင်းမှာ မျှတမှန်ကန်ခြင်းရှိကြောင်း။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၃၀၀၀/- သတ်မှတ်သည်။